# “ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်ခြင်း” သဘောဖြစ်သည့် စုပေါင်းအရေးဆိုခွင့်နှင့် နိုင်ငံ့တာဝန် ပြန်လည်ထူထောင်ခြင်း

ဒေါက်တာ ဟီဒယတ်ဂရိန်းဖီးလ်
IUF အာရှ/ ပစိဖိတ်

COVID–19 ကပ်ရောဂါနှင့် ၎င်း၏ လူမှုစီးပွားအပေါ် ပျက်စီးထိခိုက်စေသော အကျိုးသက်ရောက်မှုက လက်ရှိ စီးပွားရေး စနစ်ကို အထိအရှလွယ်ကူစေခဲ့သည်။ ထိုစီးပွားရေးစနစ်မှာ လူတွေအပေါ်မှ ပုဂ္ဂလိက အကျိုးအမြတ်ကို ဦးစားပေးခြင်းနှင့် အများပြည်သူကျန်းမာရေး၊ လူမှုအသိုင်းအဝန်း၏ချမ်းသာသုခမှ သမဝါယမ ကြွယ်ဝမှုကို အခွင့်ထူးပေးခြင်း စနစ်ဖြစ်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်လေးခုခန့်မှစတင်ပြီး အများပြည်သူပိုင်ဝန်ဆောင်မှုများ နှင့် ကုန်ပစည်းများအား ပုဂ္ဂလိကပိုင်လုပ်ခဲ့ခြင်းက ပုဂ္ဂလိကပိုင် လုပ်ငန်းကြီးများနှင့် နိုင်ငံတကာပိုင် စီးပွားလုပ်ငန်းများကို ၎င်းတို့၏ လုပ်ငန်းနှင့် အကျိုးအမြတ် ပိုမိုရရှိစေဖို့ ဖန်တီးပေးခဲ့သလိုဖြစ်သည်။ ထိုအချိန်မှာ အစိုးရအနေဖြင့် ပြည်သူများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ချမ်းသာသုခတွေကို အကာအကွယ်ပေးဖို့ တာဝန်ယူကြရမည့်အနေအထားမှ နောက်ဆုတ်ခဲ့သလို ဖြစ်ပါသည်။ အလုပ်အကိုင်၊ လူမှုအကာအကွယ်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အိမ်ယာ ရရှိပိုင်ဆိုင်ခွင့်ကနေ ရည်မှန်းချက်အဖြစ်သို့သာ ပြောင်းလဲရောက်ရှိစေခဲ့သည်။ အခုတော့ ကျွန်ုပ်တို့ ဆက်လက်ပေးဆပ်နေရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ်မှီခိုသည့် ပို့ကုန်ဈေးကွက်ဖွံ့ဖြိုးရေးစံနှုန်းသည် ထိရှယိုယွင်းလွယ်သော စီးပွားရေး စနစ်ကို ဖန်းတီးခဲ့ကာ ကပ်ရောဂါဖြစ်ပွားပြီး လအနည်းငယ်အတွင်း အစိတ်စိတ်အမွှာမွှာဖြစ်ကုန်သည်။ အာဆီယံ နိုင်ငံအများစုအတွက် ၁၉၉၈ နောက်ပိုင်း အာရှငွေကြေးအကျပ်အတည်းမှ အဆုံးသတ်စေခဲ့သော စီးပွားရေး ဖွံ့ဖြိုးမှုအားလုံးသည် ယခုနှစ်စက်တင်ဘာလမတိုင်ခင်တွင် သုတ်သင်ဖယ်ရှားခဲ့သလိုဖြစ်သည်။ အနှစ် ၂၀ ကြာ ဖွံ့ဖြိုးမှုမှာ ၆ လအချိန်ဖြင့် ဖယ်ရှားခံလိုက်ရသလိုဖြစ်ပါသည်။ ဒီအချက်မှာ စီးပွားရေး အကျပ်အတည်း ဘယ်လောက်ဆိုးရွားသည်ဆိုတာတခုတည်း ညွှန်းဆိုနေတာ မဟုတ်ပါ။ အနှစ် ၂၀ ကျော်ခန့် စီးပွားရေးက ဘယ်လို အပေါ်ယံဖြစ်ခဲ့သညကို ဖော်ပြခဲ့ပါသည်။ သမဝါယမကြွယ်ဝမှု ချဲ့ထွင်ခဲ့သည်၊ ပို့ကုန်ဖွံ့ဖြိုးခဲ့သည်၊ ထို့ကြောင့် GDP ထိုးတက်ခဲ့သည်။ သို့သော်လည်း ဆင်းရဲမွဲတေမှုနဲ့ မမျှတမှုမှာလည်း ကြီးထွားလာခဲ့သည်။ စီးပွားရေး ကြံ့ခိုင်မှုအတွက် အရေးကြီးသော အများပြည်သူပိုင်လုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်မှုနှင့် အမြဲတမ်းအလုပ်အကိုင်တို့မှာ ထိုးကျခဲ့သည်။ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက် ပိုမိုရရှိနိုင်သည့်အမျှ ပြောင်းလွယ်ပြင်လွယ် အခြေအနေများ ရှိသကဲ့သို့ ထိခိုက်ပျက်စီးလွယ်ကူပါသည်။ ငလျင်ဒဏ်၊ မုန်တိုင်းဒဏ် ခံနိုင်အားရှိသော ဝါးပင်ကဲ့သို့လို မဟုတ်ပဲ ထိခိုက်လွယ်သောစီးပွားရေးမှာ မှန်ပြင်ကဲ့သို့ ထိခိုက်မိပါ က အပိုင်းပိုင်းအစစ ပျက်စီးလေသည်။

လွန်ခဲ့သော ဆယ်စုနှစ်လေးခုအတွင်း ‘ပြောင်းလွယ်ပြင်လွယ်’မှုအတွက် မဆုတ်မနစ်တွန်းအားပေးမှုကြောင့် စီးပွားရေး ကြံခိုင်မှုအတွက် မရှိမဖြစ်လိုအပ်သော လူမှုကာကွယ်စောင့်ရှောက်မှု၊ အလုပ်သမားများ ကာကွယ်စောင့်ရှောက်မှု ပျက်ပြားသွားခဲ့ရသည်။ အစိုးရများသည် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ကိုင်ဖို့ ဖြေလျှော့မှု ညွှန်းကိန်းများ (Ease of Doing Business Index) ကို တိုးတက်မှုပြ ညွှန်းကိန်းအဖြစ် သုံးခဲ့ကြသည်။ ထိုညွှန်းကိန်း ပိုမိုသုံးစွဲခြင်းက ပြောင်းလွယ်ပြင်လွယ်မှုများကို ပိုမိုမိတ်ဆက်ပေးသကဲ့သို့ဖြစ်ပြီး အလုပ်လုပ်နေသူ ပြည်သူအား အာမခံချက်မရှိသော အလုပ်အကိုင်အခွင့်အလမ်း(နေ့စား/အပြင်ဌား)နှင့် ပုံမှန်မဟုတ်သော စီးပွားလုပ်ငန်းဆီသို့ တွန်းပို့နေလေသည်။ ဥပမာ ထိုင်းနိုင်ငံကို ကြည့်ပါက စီးပွားရေးလုပ်ကိုင်ဖို့ ဖြေလျှော့မှုညွှန်းကိန်းအမှတ်စဥ် ၃၄ မှ ၂၁ သို့ မြင့်တက်သွားခြင်းကို အောင်မြင်မှုတခုအဖြစ် ရှုမြင်ခဲ့ကြသည်။ သို့သော်လည်း တချိန်တည်းမှာ ဆင်းရဲမွဲတေမှုနှုန်းလည်း ၁၀% ထိ မြင့်တက်ခဲ့ပြီး လူ ၂ သန်းခန့်ကို ဆင်းရဲမွဲတေမှု အခြေအနေထဲသို့ တွန်းပို့ခဲ့သည်။ ပိုမိုမြင်သာသော အချက်တခုမှာ အနိမ့်ဆုံး ဝင်ငွေရကြသော လူဦးရေ ၄၀% ခန့်မှာ စစ်မှန်သော လုပ်အားခကျဆင်းခဲ့ပြီး ဝင်ငွေလည်း လျော့ပါးလာခဲ့သည်။ COVID-19 ကပ်ရောဂါနှင့် အကျပ်အတည်း မဖြစ်ခင်ကတည်းက ထိုကဲ့သို့ ဖြစ်နေနှင့်ပြီ။

‘ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်’ဖို့အတွက် ပြောင်းလွယ်ပြင်လွယ်နာမည်အောက်တွင် ဖျက်ဆီးစွန့်ပစ်ခံခဲ့ရသော အရာအားလုံးကို ပြန်လည်ထိန်းသိမ်းဖို့ လိုအပ်ပါသည်။ ကျန်းမာရေး၊ စွမ်းအင်၊ ရေ၊ ပို့ဆောင်ဆက်သွယ်ရေးအပါအဝင် အဓိကဖြစ်သော စက်မှုလုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများကို အများပြည်သူပိုင် လုပ်ဖို့လိုအပ်ပါသည်။ ပညာရေး၊ အိမ်ယာ၊ စားနပ်ရိက္ခာနှင့် လူမှုကာကွယ်စောင့်မှုကို ပံ့ပိုးရန်၊ အလုပ်အကိုင်ဖန်တီးရန်အတွက် အများပြည်သူအသုံးစရိတ် ပြန်လည်ထူထောင်ဖို့ လိုပါသည်။ စီးပွားရေးကိုလည်း ကျွန်ုပ်တို့လူမှု အသိုင်းအဝန်း အတွက် အရင်းအမြစ်ကြွယ်ဝပြီး ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သော ကြံခိုင်မှုမျိုးဖြင့် တည်ဆောက်ဖို့ လိုပါသည်။ ကျွန်ုပ်တို့ ပြည်သူတွေ လူမှုကာကွယ်စောင့်ရှောက်မှု၊ သုခချမ်းသာနှင့် လူ့ဂုဏ်အင်နှင့်အညီ နေထိုင်သွားစေဖို့ ထပ်လောင်းအတည်ပြုကာ ကမ္ဘာ့ဘဏ်၏ စီးပွားရေးဖြေလျှော့မှု ညွှန်းကိန်းကို စွန့်ပယ်ရပါမည်။ “ပိုမိုကောင်းမွန်အောင် တည်ဆောက်ရာ”မှာ အားလုံးအတွက် ဖြစ်စေရမည်ဖြစ်ပြီး အခွင့်ထူးခံ လူနည်းစုအတွက် မဖြစ်ရပါ။ ကျွန်ုပ်တို့နေထိုင်ရာ ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ပြီး လူသားတွေကို အကျိုးပြုသော ဂေဟဗေဒအရ ရေရှည်တည်တံ့သောစီးပွားရေးကို တည်ထောင်ဖို့လိုပါသည်။ ‘ ပိုမိုကောင်းမွန်အောင် တည်ဆောက်’ နိုင်ဖို့ ကျွန်ုပ်တို့ သည့်ထက် ပိုမိုလုပ်ဆောင် ကြရပေဦးမည်။